+ ၂၀၀၂
အောက်တိုဘာလ
၁၀ ရက်

## တရားမပထမအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီး ဦးချစ်လွင်၏ရှေ့တွင်

ဒေါ်ခင်မူမူပါ ၂
နှင့်
ဒေါက်တာဂျီအာရ်လူးဝစ်(စ်)
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်တီ) ပါ ၃ *

**ခရစ်ယာန်ဘာသာဝင် အဘိုး အဘွားတို့၏ အမွေကို အမွေမပိုင်မြေးများ ရခွင့်ရှိ မရှိ၊ ကွယ်လွန်သူကျန်ရစ်သောအမွေကို ဆက်ခံမှုနှင့် သက်ဆိုင်သည့် မိသားစုဥပဒေ၊ အမွေမှုတွင် အမွေပစ္စည်းတစ်ရပ်ကို အမွေရှင်က အခြားသူတစ်ဦးအား လွှဲပြောင်းပေးခြင်းသည် ဥပဒေနှင့်ညီညွတ်မှုရှိ မရှိပြဿနာကို ဖေါ်ထုတ်ဆုံးဖြတ်ပေးနိုင် မနိုင်။**

**ဆုံးဖြတ်ချက်။** ။ ယခုအမှုတွင် အဓိကပေါ်ပေါက်သည့်ပြဿနာမှာ ခရစ်ယာန်ဘာသာဝင် အဘိုး အဘွား၏အမွေကို အမွေမပိုင်မြေးများက ရခွင့်ရှိ မရှိဖြစ်သည်။ ယင်းအချက်ကို မူလတိုင်းတရားရုံးက ငြင်းချက်အမှတ် (၂) အဖြစ်ထုတ်ထားသော်လည်း ဖြေကြားခဲ့ခြင်းမရှိပေ။

ကွယ်လွန်သူကျန်ရစ်သောအမွေကို ဆက်ခံမှုမှာ ထိုသူကွယ်လွန်စဉ် ကနဦးပေါ်ပေါက်သော အခွင့်အရေးကို တရားစွဲဆိုတောင်းခံမှုဖြစ်၍ ကွယ်လွန်သူနှင့် သက်ဆိုင်သည့်မိသားစုဥပဒေအရ ဆုံးဖြတ်ရမည်ဖြစ်သည်။ တောင်းခံသူအမှုသည်နှင့် သက်ဆိုင်သည့်မိသားစုဥပဒေအရ အဆုံးအဖြတ်ပေးရန် မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ခရစ်ယာန်ဘာသာဝင်များ၏အမွေကို မြန်မာဗုဒ္ဓဘာသာဝင်များ အမွေဆက်ခံခွင့်ရှိ မရှိနှင့်ပတ်သက်၍ ဦးအရောင်နှင့် မကာကြူမွေးအမှု[၇] တွင်ဗုဒ္ဓဘာသာကိုးကွယ်သည့် သားသမီးတို့သည်

---

* ၂၀၀၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၅၈

\+ ၂၀၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၉၂ တွင်ချမှတ်သော ၂၅-၂-၂၀၀၂ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု၊

ခရစ်ယာန်ဘာသာ ကိုးကွယ်သည့်မိဘအမွေကို ဆက်ခံခွင့်ရှိကြောင်း အောက်ပါအတိုင်းတွေ့ရသည်-

ဒေါ်ခင်မှူမှူပါ ၂ နှင့် ဒေါက်တာဂျီအာလူးဝစ်(စ်) (၄င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်တီ)ပါ ၃

> " Even if the plaintiff had renounced the Christian faith and become a Buddhist, there is no law to prevent a Buddhist Lady from succeeding to the estate of a Christian mother. "

ထို့အတူ ဗုဒ္ဓဘာသာဝင်မြေးများသည်လည်း ခရစ်ယာန်ဘာသာဝင် အဘိုး အဘွား၏အမွေကိုဆက်ခံခွင့်ရှိကြောင်း တားမြစ်ထားခြင်းမရှိသဖြင့် ၄င်းတို့သည် အမွေဆက်ခံရေးအက်ဥပဒေနှင့်အညီ အမွေရရှိကြမည်သာဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** **ဒေါ်လွန်းပါ ၅ နှင့် ဒေါ်သိန်းရင်အမှု**(၄)တွင် အမွေမှု၌ အချင်းဖြစ်ပစ္စည်းများသည် အမွေပစ္စည်းဟုတ် မဟုတ် ဆုံးဖြတ်ရသည်ဖြစ်ရာ ပစ္စည်းတစ်ရပ်ကို အမွေရှင်က အခြားသူတစ်ဦးအား လွှဲပြောင်းပေးခြင်းသည် ဥပဒေနှင့်ညီညွတ်မှုရှိ မရှိ ပြဿနာကို အမွေမှုတွင် အဆုံးအဖြတ်ပေးပါက အဆင်ပြေဆုံးဖြစ်ပေလိမ့်မည်။ ထို့ပြင် အမှုပွားများခြင်းကိုလည်း တစ်နည်းအားဖြင့် ပိတ်ပင်ရာရောက်ပေလိမ့်မည်။ ကျွန်ုပ်တို့သည် ၁၉၇၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ-၁၅ နှင့် ၁၉၈၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ-၈၇ အမှုများတွင် ထုံးဖွဲ့မှုများကို သဘောတူလက်ခံသည်။ သို့ဖြစ်၍ ဤအမွေမှုတွင် အမွေရှင် ဒေါ်မက အချင်းဖြစ်မြေကို ဒေါ်သိန်းရင်အား ပေးကမ်းခြင်းသည် ပျက်ပြယ်အတည်ဖြစ် မဖြစ် ပြဿနာကို ဖော်ထုတ်ဆုံးဖြတ်နိုင်သည်ဟု ကောက်ယူဆုံးဖြတ်သည်။

ပစ္စည်းလွှဲပြောင်းခြင်းဥပဒေအရ ရောင်းချခြင်း၊ ပေါင်နှံခြင်းနှင့် ပေးကမ်းခြင်းတို့မှာ ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းပေးခြင်းဖြစ်သည်။ ရောင်းချခြင်းမှာ အဘိုးစားနားဖြင့် လွှဲပြောင်းပေးခြင်းဖြစ်၍ ပေးကမ်းခြင်းမှာ အဘိုးစားမရှိဘဲ လွှဲပြောင်းပေးခြင်းဖြစ်သည်။

**အင်အေဗွီအာချစ်တီးကုန်တိုက် နှင့် မောင်သံဒိုင်အမှု**(၅) တွင် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းဟူ၍ ခွဲခြားဖော်ပြခြင်းမပြုဘဲ

---

(၄) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ- ၁၄၉

(၅) ၉ ရန်ကုန်၊ စာ-၅၂၄

၂၀၀၂
ဒေါ်ခင်မူမူပါ ၂
နှင့်
ဒေါက်တာဂျီအာ
လူးဝစ်(စ်)
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်ခင်တီ)ပါ ၃

လင်မယားနှစ်ဦးပိုင်ပစ္စည်းမှ ၎င်း၏အကျိုးခံစားခွင့်သို့ ပြောင်းနိုင်ကြောင်း သို့မဟုတ် အခြားနည်းစီမံခန့်ခွဲခြင်း ပြုလုပ်နိုင်ကြောင်း၊ သို့ရာတွင် မည်သူမျှ ခင်ပွန်းသည်၏ အတိအလင်း သို့မဟုတ် သဘောသက်ရောက်သည့် သဘောတူညီချက် မရရှိဘဲ ထိုသူ၏အကျိုးခံစားခွင့်ကို လွှဲပြောင်းခြင်း မပြုလုပ်နိုင်ကြောင်း ထုံးဖွဲ့ထားသည်။

**ဦးသန်းနိုင် (ခ) ဦးဘိုနီ နှင့် ဒေါ်အေးအေးအမှု**[၆] တွင်လင်မယားနှစ်ဦး၏ မခွဲဝေရသေးသော နှစ်ဦးပိုင်လက်ထက်ပွားပစ္စည်းကို တစ်ဦးဦး၏သဘောတူညီချက်အရမဟုတ်ဘဲ ပစ္စည်းတစ်ရပ်လုံးကို ရောင်းချခွင့်မရှိချေ။ ရောင်းချလျှင်လည်း ၎င်းတို့ပိုင်ဆိုင်ခွင့်ရရှိနိုင်သည့် အချိုးအစုအတွက်သာ အတည်ဖြစ်နိုင်သည်ဟု ထုံးဖွဲ့ထားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ဤအမှုတွင် မူလရုံးအမှတ် (၁) တရားပြိုင် ဒေါက်တာဂျီအာရ်လူးဝစ်(စ်)သည် ကွယ်လွန်သူမိဘများတွင် ၎င်းတစ်ဦးတည်းသာ အမွေဆက်ခံသူဖြစ်ကြောင်း လိမ်လည်ဖော်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ်အမှတ် ၁၉၃၅/၉၁ကိုပြုလုပ်ခဲ့ကြောင်း၊ ထို့နောက် ဒေါက်တာဂျီအာရ်လူးဝစ်(စ်)သည် မူလရုံးအမှတ် (၃) တရားပြိုင် ဦးကြည်ဝင်းအား မှတ်ပုံတင်စာချုပ်အမှတ် ၁၅၆၃/၈၅ ဖြင့် အချင်းဖြစ်မြေကို ရောင်းချခဲ့ကြောင်းပေါ်ပေါက်သည်။

ဒေါက်တာဂျီအာရ်လူးဝစ်(စ်)သည် အမွေဆိုင်ပစ္စည်းကို ကျန်အမွေဆိုင်များသဘောမတူဘဲ ဦးကြည်ဝင်းသို့ ရောင်းချခဲ့ရာတွင် ကျန်အမွေဆိုင်များ၏ သဘောတူညီချက်မရှိသောကြောင့် ၎င်းပိုင်ဆိုင်ခွင့်ရှိသည့် ဝေစုအတွက်သာ အတည်ဖြစ်မည်ဖြစ်သည်။ အယူခံတရားလိုတို့၏ ဝေစုနှင့်စပ်လျဉ်း၍ အတည်မဖြစ်နိုင်ချေ။

အယူခံတရားလိုအတွက် - ဦးကျော်သိန်း
(တရားရုံးချုပ်ရှေ့နေ)
အယူခံတရားခံအတွက် - ၁။ ဦးမင်းလွင်
(တရားရုံးချုပ်ရှေ့နေ)
၂။ ကိုယ်တိုင် (မလာ)

ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်

(၆) ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာ-၁၅၉ (၁၆၄)

၂၀၀၂
ဒေါ်ခင်မူမူပါ ၂
နှင့်
ဒေါက်တာဂျီအာ
လူးဝစ်(စ်)
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်ခင်တီ)ပါ ၃

၂၉၂ တွင် ဒေါ်ခင်မူမူပါ (၂) တို့ကဒေါက်တာဂျီအာရ်လူးဝစ်(စ်)ပါ (၃)
ဦးတို့အပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ တိုင်းတရားရုံးက
အမှုကိုပလပ်ကြောင်းအမိန့်ချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်
ဒီကရီကို မကျေနပ်၍ ဒေါ်ခင်မူမူပါ (၂) ဦးတို့က တရားမပထမအယူခံ
မှုကို တင်သွင်းခြင်းဖြစ်သည်။

အဆိုလွှာတွင် အမွေရှင်များဖြစ်ကြသော ခရစ်ယာန်ဘာသာဝင်
ဒီအာရ်လူးဝစ်(စ်)နှင့်ဇနီး မစွစ်အင်မာဖလောရင်းလူးဝစ်(စ်) တို့တွင် သား
သမီး (၅) ဦးထွန်းကာရာ ၎င်းတို့မှာ (၁) ပီအာရ်လူးဝစ်(စ်) (သား)၊ (၂)
မာဗစ်အော့လူးဝစ်(စ်) (သမီး)၊ (၃) အယ်အာရ်လူးဝစ်(စ်) (သား)၊ (၄)
အမ်အာရ်လူးဝစ်(စ်) (သား)၊ (၅) ဒေါက်တာဂျီအာရ်လူးဝစ်(စ်) (သား)
တို့ဖြစ်ကြကြောင်း၊ သားကြီး ပီအာရ်လူးဝစ်(စ်)မှာ မြန်မာဗုဒ္ဓဘာသာဝင်
ဒေါ်ခင်လှနှင့်အိမ်ထောင်ပြုပြီး ဒေါ်ခင်မူမူ၊ ဒေါ်ခင်မိုးမိုးတို့ကို မွေးဖွားခဲ့
ကြောင်း၊ သမီးတစ်ဦးဖြစ်သော မာဗစ်အော့လူးဝစ်(စ်)မှာ မိဘများနှင့်
အတူနေထိုင်ခဲ့ပြီး ဂျာမနီနိုင်ငံသားနှင့်အိမ်ထောင်ပြု၍ ၁၉၆၆ ခုနှစ်ကပင်
ဂျာမဏီနိုင်ငံသို့ အပြီးအပိုင်ထွက်ခွာသွားကြောင်း၊ ကျန်သားနှစ်ဦးဖြစ်
သော အယ်အာရ်လူးဝစ်(စ်)နှင့် အမ်အာရ်လူးဝစ်(စ်)တို့မှာ အမွေရှင်မိဘ
များ မကွယ်လွန်မီကပင် ကွယ်လွန်ခဲ့ကြပြီးဖြစ်ကြောင်း၊ အမွေရှင် ဒီအာရ်
လူးဝစ်(စ်)မှာ ၁၃-၁၀-၆၉ နေ့တွင်လည်းကောင်း၊ ဇနီးဖြစ်သူမစွအင်မာ
ဖလောရင်းလူးဝစ်(စ်)သည် ၁၇-၈-၈၆ နေ့တွင်လည်းကောင်း ကွယ်လွန်ခဲ့
ကြကြောင်း၊ အမွေရှင်များသည် ခရစ်ယာန်ဘာသာဝင်များဖြစ်သော်လည်း
သေတမ်းစာရေးသားခဲ့ခြင်းမရှိကြောင်း၊ တရားလိုများ၏ဖခင် ပီအာရ်
လူးဝစ်(စ်)သည် ၆-၂-၈၄ နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်ခင်လှ
သည် ၅-၃-၉၉ နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြပြီးဖြစ်
ကြောင်း၊ ထို့ကြောင့် ၎င်းတို့ကျန်ရစ်သောအမွေပစ္စည်းများကို အမွေမမိ
မြေးများဖြစ်သောတရားလိုများနှင့် တရားပြိုင်ဒေါက်တာဂျီအာရ်လူးဝစ်(စ်)
နှင့် မာဗစ်အော့လူးဝစ်(စ်)တို့သည် အညီအမျှရထိုက်ကြောင်း၊ သို့ရာတွင်
အမှတ် (၁) တရားပြိုင် ဒေါက်တာလူးဝစ်(စ်)သည် ကွယ်လွန်သူမိဘများ
ကျန်ရစ်သော ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်
(၂-အီး)၊ မြေကွက်အမှတ် (၄၀၆-အေ) (၄၀၆ အေ၁) (၄၀၆ ဘီ)၊ ဧရိယာ
၁. ၀၀၀ ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို
၎င်းတစ်ဦးတည်းသာ အကျိုးခံစားခွင့်ရှိကြောင်း၊ လိမ်လည်ဖော်ပြ၍ အမွေ

ဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ၁၉-၁၂-၉၁ ရက်စွဲပါ စာချုပ်အမှတ် ၁၉၃၅/၉၁ ဖြင့် မှတ်ပုံတင်ချုပ်ဆိုခဲ့ကြောင်း၊ ထို့နောက် ဒေါက်တာဂျီအာရ်လူးဝစ်(စ်)သည် အမှတ် (၃) တရားပြိုင် ဦးကြည်ဝင်းအား အချင်းဖြစ်မြေကွက်ကို မှတ်ပုံတင်စာချုပ်အမှတ် ၁၅၆၃/၉၅ ဖြင့်ရောင်းချခဲ့သဖြင့် အချင်းဖြစ်ပစ္စည်းမှာ အမှတ် (၃) တရားပြိုင် ဦးကြည်ဝင်းလက်ဝယ်တွင် ရှိနေကြောင်း ဖေါ်ပြ၍ အမွေပုံပစ္စည်း၏ ၃ ပုံ ၁ ပုံ ရထိုက်ကြောင်းစသည်ဖြင့် အဆိုပြုသည်။

အမှတ် (၁) တရားပြိုင်၏ချေလွှာတွင် တရားလိုများ၏မိခင်ဒေါ်ခင်လှသည် ၁-၇-၈၆ရက်စွဲပါစာချုပ်ဖြင့်ဒေါက်တာဂျီအာရ်လူးဝစ်(စ်) နှင့် မစ္စအင်မာဖလောရင်းလူးဝစ်(စ်) ထံမှငွေ သို့မဟုတ် ပစ္စည်းလုံးဝလက်ခံစရာမရှိတော့ကြောင်း၊ ဝန်ခံထားပြီးဖြစ်သည့်အပြင် တရားလိုများသည် ဗုဒ္ဓဘာသာသို့ကူးပြောင်းသွားကြသဖြင့် အမှုကိုစွဲဆိုပိုင်ခွင့်မရှိကြောင်း၊ တရားလိုများသည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်၍ ခရစ်ယာန်ဘာသာဝင်များထံမှ အမွေတောင်းဆိုပိုင်ခွင့်မရှိကြောင်း၊ တရားလို၏အဆိုလွှာတွင် ဒေါက်တာဂျီအာရ်လူးဝစ်(စ်)မှ ဦးကြည်ဝင်းသို့ အချင်းဖြစ်မြေကို မှတ်ပုံတင်စာချုပ်အမှတ် ၁၅၆၃/၉၅ ဖြင့် အရောင်းအဝယ်ပြုလုပ်ပြီးကြောင်း အဆိုပြုထားရာ ယင်းစာချုပ်ကို ပယ်ဖျက်ခြင်းမပြုဘဲ အမှုကို ဤပုံစံဖြင့်စွဲဆိုပိုင်ခွင့်မရှိကြောင်း ချေပသည်။

အမှတ် (၂) တရားပြိုင်လာရောက်ချေပခြင်းမရှိချေ။

အမှတ် (၃) တရားပြိုင် ဦးကြည်ဝင်းက သီးခြားချေလွှာတင်သွင်းသော်လည်း အမှတ် (၁) တရားပြိုင် တင်ပြသည့်အချက်များကိုပင်ထောက်ခံချေပသည်။

တိုင်းတရားရုံးက ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုဥပဒေအရ တရားလိုသည် ခရစ်ယာန်ဘာသာဝင်များထံမှ အမွေတောင်းခံပိုင်ခွင့်ရှိကြောင်း၊ **ဦးတင်ထွန်း နှင့် ဒေါ်ဝိုင်းကြည်ပါ ၇ အမှု**[၁] တွင် အမွေဆိုင်တစ်ဦးအနေဖြင့် အမွေဝေစုကို အပြီးအပြတ်ရရှိပြီးသူဖြစ်သည်ဟု ဝန်ခံလျှင် ၎င်းအားထပ်မံ၍ အမွေဝေစုခွဲဝေပေးရန် အကြောင်းမရှိတော့ဟု ဆုံးဖြတ်ခဲ့ကြောင်း၊ ဒေါ်ခင်လှသည် ၎င်းရရန်ရှိသောအမွေဝေစုကို အပြည့်အဝလက်ခံရရှိပြီးဖြစ်သည်ဟု သက်သေခံ (၁) အရတွေ့ရကြောင်း၊ အချင်းဖြစ်ပစ္စည်းကို မှတ်ပုံတင်

စာချုပ်ဖြင့် အမှတ် (၃) တရားပြိုင်သို့ ရောင်းချပြီးဖြစ်၍ ယင်းစာချုပ်ကို ဖျက်သိမ်းပြီးမှသာ ယခုအမှုကို စွဲသင့်ကြောင်း သုံးသပ်၍ တရားလိုစွဲဆိုသောအမှုကိုပလပ်သည်။

အယူခံတရားလို၏ရှေ့နေက တိုင်းတရားရုံးသည် အယူခံတရားလိုများ၏မိခင် လက်မှတ်ရေးထိုးခဲ့သော သက်သေခံ (၁) ဝန်ခံချက်အရ ယခုအမှုကိုစွဲဆိုရန် အကြောင်းမရှိတော့ကြောင်း ငြင်းချက်အမှတ် (၁) နှင့် (၂) ကိုတစ်ပေါင်းတည်းဖြေဆိုဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ သက်သေခံ (၁) မှာ စာချုပ်မဟုတ်ကြောင်း၊ သက်သေများ လက်မှတ်ရေးထိုးထားခြင်းမရှိကြောင်း၊ တံဆိပ်ခေါင်းစာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးထားသည့်ငွေရပြေစာသာဖြစ်ကြောင်း၊ အဆိုပါငွေများမှာလည်း အမှတ် ၁၈/၁၊ သိရိမင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်ကိုရောင်းချပြီး ရငွေများကို အမွေဆိုင် (၃) ဦးဖြစ်သော မစ္စစ်အင်မာဖလောရင်းလူးဝစ်(စ်)၊ ဒေါက်တာဂျီအာရ်လူးဝစ်(စ်)နှင့် ဒေါ်ခင်လှတို့ ခွဲဝေယူခြင်းသာဖြစ်ကြောင်း၊ သက်သေခံ (၁) အရနောက်ဆုံးရငွေကျပ် ၁၆၆၇၆၂/-တိတိကို ၁-၇-၈၆ နေ့တွင်လက်ခံရရှိပြီး ဒေါက်တာဂျီအာရ်လူးဝစ်(စ်)နှင့် မစ္စစ်အင်မာဖလောရင်းလူးဝစ်(စ်)ထံမှ နောက်ထပ်ငွေ သို့မဟုတ် ပစ္စည်းလုံးဝလက်ခံ စရာမရှိတော့ကြောင်း၊ ဝန်ခံချက်မှာ အချင်းဖြစ် ဗဟန်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၂-အီး)၊ မြေကွက်အမှတ် ၄၀၆ အေ၊ ၄၀၆ အေ^၁၊ ၄၀၆ ဘီ၊ဧရိယာ ၁ ဧကရှိမြေကွက်နှင့် မသက်ဆိုင်ကြောင်း၊ အမှတ် (၁) အယူခံတရားပြိုင် ဒေါက်တာဂျီအာရ်လူးဝစ်(စ်) သည် အမွေဆိုင်များ သက်ရှိထင်ရှားရှိပါလျက် ၄င်းတစ်ဦးတည်း ကျန်ရစ်သူသားအဖြစ် အမွေဆက်ခံပိုင်ဆိုင် ကြောင်း စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ ယင်းစာချုပ်အရအချင်းဖြစ်ပစ္စည်းကို ၄င်းတစ်ဦးတည်းအမည်သို့ပြောင်းပြီး အမှတ် (၃) အယူခံတရားပြိုင် ဦးကြည်ဝင်းသို့ ရောင်းချခဲ့ကြောင်း၊ အမွေဆိုင်ပစ္စည်းများကျန်ရစ်ပါလျက် ယခင်အိမ်ရောင်းရငွေ လက်ခံရသည့်ပြေစာအပေါ် အခြေပြုပြီး တိုင်း တရားရုံးက ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ ဦးတင်ထွန်း နှင့် ဒေါ်ဝိုင်းကြည်ပါ (၇)အမှုမှာ ယခုအမှုနှင့်မသက်ဆိုင်ကြောင်း၊ ယခုအမှု တွင် အမွေဝေစုကို အပြီးအပြတ် ရပြီးဖြစ်သည်ဟု အယူခံတရားလိုများ၏ အဆိုလွှာတွင် ဝန်ခံခြင်းလုံးဝ မရှိကြောင်း၊ အချင်းဖြစ်ပစ္စည်းနှင့်စပ်လျဉ်း၍ အယူခံတရားပြိုင်အမှတ် (၃) ဦးကြည်ဝင်းနှင့်ချုပ်ဆိုခဲ့သော ၂၆-၅-၉၅ ရက်စွဲပါ မှတ်ပုံတင်

စာချုပ်ကို ဖျက်သိမ်းပြီး အနိုင်ဒီကရီရမှသာ အမွေပုံ စီမံခန့်ခွဲပေးစေလိုမှုကို စွဲဆိုရမည်ဟူသော ဆုံးဖြတ်ချက်မှာလည်း နိုင်ငံတော်တရားရုံးချုပ်က ဆုံးဖြတ်ခဲ့သောစီရင်ထုံးများနှင့် ကွဲလွဲဆုံးဖြတ် ထားခြင်းဖြစ်၍ မှားယွင်းကြောင်း တင်ပြလျှောက်လဲသည်။

အယူခံတရားပြိုင်အမှတ် (၁) နှင့် (၃) တို့၏ရှေ့နေက သက်သေခံ (၁) အရ အယူခံတရားလိုတို့၏မိခင် ဒေါ်ခင်လှက အယူခံတရားပြိုင်နှင့် ၎င်း၏မိခင်ထံမှ ငွေများနောက်ဆုံးလက်ခံစဉ်ကငွေ သို့မဟုတ် ပစ္စည်းလုံးဝလက်ခံစရာမရှိတော့ဟု ဝန်ခံခဲ့ကြောင်း၊ အမွေရှင် မစ္စစ်အင်မာဖလောရင်းလူးဝစ်(စ်)သည် ၁၇-၈-၈၆ နေ့တွင် ကွယ်လွန်ခဲ့သော်လည်း အယူခံတရားလိုတို့၏ ဝေစုကိုတောင်းဆိုခြင်းမရှိဘဲ နှစ်ပေါင်းများစွာငြိမ်သက်နေခဲ့ကြောင်း၊ အယူခံတရားပြိုင်အမှတ် (၁) ဒေါက်တာဂျီအာရ်လူးဝစ်(စ်)က အချင်းဖြစ်မြေကို သူတစ်ဦးတည်းပိုင်ကြောင်း ကြေညာခြင်းမှာ အယူခံတရားလိုတို့၏မိခင်၏ ဝန်ခံချက်အရ အယူခံတရားလိုတို့သည် အမွေဆက်ခံရန် မရှိတော့သောကြောင့် ဒေါက်တာဂျီအာရ်လူးဝစ်(စ်) ကြေညာချက်မှာ အမှန်အတိုင်း ကြေညာခြင်းဖြစ်ကြောင်း၊ **ဦးတင်ထွန်း နှင့် ဒေါ်ဝိုင်းကြည်ပါ (၇) အမှု**[၁] မှာ အမှုသည်အဖြစ်ပါဝင်သူ မြေများက အမွေရပြီးကြောင်း ချေလွှာအရ ဝန်ခံခြင်းဖြစ်ပြီး ယခုအမှုတွင် အယူခံတရားလိုတို့၏မိခင် အမွေပစ္စည်းအဖြစ် ရရန်မရှိတော့ကြောင်း ဝန်ခံပြီးဖြစ်၍ တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်မှာ မှားယွင်းသည်ဟုမဆိုနိုင်ကြောင်း၊ အချင်းဖြစ်ပစ္စည်းကို ဒေါက်တာဂျီအာရ်လူးဝစ်(စ်) အမည်ပြောင်းစဉ်သတင်းစာမှ ကြေညာခဲ့သော်လည်း အယူခံတရားလိုတို့က မကန့်ကွက်ခဲ့ကြောင်း၊ အယူခံတရားပြိုင်အမှတ် (၃) ဦးကြည်ဝင်းသည် အချင်းဖြစ်ပစ္စည်းကို ဒေါက်တာဂျီအာရ်လူးဝစ်(စ်) ပိုင်သည်ဟုယူဆ၍ ဝယ်ယူခဲ့ခြင်းဖြစ်သောကြောင့် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၄၁ အရ ပျက်ပြယ်ခြင်းမရှိကြောင်း၊ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေပုဒ်မ ၂၆ တွင် ဤအက်ဥပဒေအရ ထိမ်းမြားကြသူတို့၏ သို့တည်းမဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့၏ အမွေဆက်ခံမှုနှင့်စပ်လျဉ်းသည့်ကိစ္စအားလုံး ထိုသူနှင့် ထိုသူတို့၏ မိသားစုအားလုံးသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့ ဗုဒ္ဓဘာသာ ဓမ္မသတ်အတိုင်း ဆုံးဖြတ်ရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ သို့ရာတွင် အဆိုပါ ဥပဒေပုဒ်မ ၂၄ (၂) တွင် " ပုဒ်မ (ပုဒ်မ ၂၄)

နှင့် ပုဒ်မ ၂၆ ပါကိစ္စများအလို့ငှာ " မိသားစု " ဆိုသည့်စကားရပ်တွင် တရားဝင်လင်၊ တရားဝင်မယား သို့မဟုတ် မယားများနှင့် တရားဝင် သားသမီးများပါဝင်သည် " ဟုပြဋ္ဌာန်းထားကြောင်း၊ ထိုပြဋ္ဌာန်းချက်အရ မိသားစုဆိုသည့် စကားရပ်တွင် အဘိုး အဘွားမပါသည်မှာ ထင်ရှား ကြောင်း၊ ထိုနည်းတူ မြေး၊ မြစ်မပါသည်မှာလည်း ထင်ရှားကြောင်း၊ ယခု အမှုမှာ အဘိုး အဘွား၏အမွေကိုမြေးများက တောင်းဆိုနေခြင်းမှာ ထင်ရှားကြောင်း၊ မြေးများသည် အဘိုး အဘွား၏အမွေကို ၁၉၅၄ ခုနှစ်။ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုဥပဒေအရ အမွေရခွင့်မရှိသည်မှာ မြင်သာကြောင်း တင်ပြလျှောက်လဲသည်။

အမွေရှင် ဒီအာရ်လူးဝစ်(စ်)နှင့်ဇနီး မစ္စစ်အင်မာဖလောရင်း လူးဝစ်(စ်)တို့သည် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည်။ ၎င်းတို့၏ သား ပီအာရ်လူးဝစ်(စ်)နှင့် မြန်မာဗုဒ္ဓဘာသာဝင် ဒေါ်ခင်လှတို့ အိမ်ထောင်ပြု ရာတွင် ဒေါ်ခင်လှအနေဖြင့်လည်းကောင်း၊ ဒေါ်ခင်လှ၏သမီးများဖြစ်ကြ သော အယူခံတရားလိုများအနေဖြင့်လည်းကောင်း အမွေဆက်ခံရေးကိစ္စ နှင့်စပ်လျဉ်း၍ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှု နှင့် အမွေဆက်ခံမှုအက်ဥပဒေနှင့် သက်ဆိုင်ကြောင်း နှစ်ဖက်ရှေ့နေများ က လျှောက်လဲတင်ပြခဲ့ကြသည်။

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂ အီး၊ မြေကွက်အမှတ် (၄၀၆ အေ)၊ (၄၀၆ အေ¹)၊ (၄၀၆ ဘီ) ဧရိယာ ၁. ၀၀၀ ဧကရှိမြေကွက်မှာ ဒေါက်တာဂျီအာရ်လူးဝစ်(စ်) အမည်ပေါက်ပိုင်ဆိုင် ကြောင်း၊ ယခုအခါ ယင်းမြေကွက်မှာ အမွေဆိုင်မဟုတ်သူ ဦးကြည်ဝင်း လက်ဝယ်သို့ ရောက်ရှိနေပြီး ဦးကြည်ဝင်း အမည်ပေါက် ပိုင်ဆိုင်လျက်ရှိ ကြောင်း၊ ယင်းပစ္စည်းသည် အမွေဆိုင်ပစ္စည်းဖြစ်ကြောင်း၊ အယူခံတရားလို နှင့် အယူခံတရားပြိုင်တို့အကြား အမွေဝေစုခွဲဝေရခြင်းမရှိသေးကြောင်း နှင့် အယူခံတရားလိုတို့အနေဖြင့် ခရစ်ယာန်ဘာသာဝင် အဘိုး၏အမွေကို အမွေဆက်ခံခွင့်ရှိကြောင်း အဆိုပြုထားသည်။

အယူခံတရားပြိုင်တို့က အယူခံတရားလိုများ၏မိခင် ဒေါ်ခင်လှ ကိုယ်တိုင်အမွေပစ္စည်းရရန်မကျန်တော့ကြောင်း သက်သေခံအမှတ် (၁) အရ အတိအလင်းဝန်ခံစာချုပ်ပြုလုပ်ပြီးဖြစ်သဖြင့် အယူခံတရားလိုများ သည် အမွေတောင်းဆိုပိုင်ခွင့် မရှိတော့ကြောင်း ချေပထားသည်။

သက်သေခံအမှတ် (၁) မှာ ၁-၇-၈၆ နေ့စွဲဖြင့် နှစ်ကျပ်တန်

ဒေါ်ခင်မူမူပါ ၂ နှင့် ဒေါက်တာဂျီအာလူးဝစ်(စ်) (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်တီ)ပါ ၃

အခွန်တံဆိပ်ခေါင်းပေါ်တွင် အောက်ပါအတိုင်း ဖေါ်ပြ၍ ဒေါ်ခင်လှက သက်သေများရှေ့တွင် လက်မှတ်ရေးထိုးထားသည်-

" အိမ်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ နောက်ဆုံးရငွေ ၁၆၆၇၆၂/- (တစ်သိန်း ခြောက်သောင်း ခြောက်ထောင် ခုနှစ်ရာ ခြောက်ဆယ်နှစ်ကျပ်တိတိ) ကို ယနေ့ (၁း၇-၈၆) ရက်နေ့တွင် လက်ခံရရှိပါသည်။ ဒေါက်တာဂျီအာရ်လူးဝစ်(စ်)၊ မစ္စစ်အင်မာဖလောရင်းလူးဝစ်(စ်)ထံမှငွေ သို့မဟုတ် ပစ္စည်းလုံးဝလက်ခံစရာမရှိတော့ပါ။ မှန်ကန်ကြောင်း အောက်တွင်လက်ရေးထိုးပါသည်။ "

အယူခံတရားလို ဒေါ်ခင်မူမူက သက်သေခံ (၁) အရ ၎င်း၏မိခင် ဒေါ်ခင်လှအားပေးခဲ့သည်ဆိုသောငွေကျပ် ၁၆၆၇၆၂/- မှာ စမ်းချောင်းမြို့နယ်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၁၈/၁ အိမ်ကို ရောင်းရငွေမှပေးကမ်းခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုထားသည်။

သက်သေခံအမှတ် (၁) တွင် အိမ်အရောင်းအဝယ်ကိစ္စဟု ဖေါ်ပြပါရှိသည့်ပြင် ရောင်းရငွေကိုလက်ခံစဉ်က မစ္စစ်အင်မာဖလောရင်းလူးဝစ်(စ်) မကွယ်လွန်သေးသည့်အတွက် အမွေဝေစုကို ခွဲဝေသည်ဟု ကောက်ယူနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် အချင်းဖြစ် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂-အီး)၊ မြေကွက်အမှတ် (၄၀၆ အေ)၊ (၄၀၆ အေ၁) နှင့် (၄၀၆ ဘီ) ဧရိယာ၁.၀၀၀ ဧကရှိမြေကွက်သည် ကွယ်လွန်သူ ခရစ်ယာန်ဘာသာဝင် ဒေါက်တာဒီအာရ်လူးဝစ်(စ်) အမည်ပေါက်ကျန်ရစ်သော အမွေပစ္စည်းသာဖြစ်ပေသည်။

မြန်မာဗုဒ္ဓဘာသာဝင် ဒေါ်ခင်လှနှင့် ခရစ်ယာန်ဘာသာဝင် ပီအာရ်လူးဝစ်(စ်)တို့ ပေါင်းသင်းရာမှ အယူခံတရားလို ဒေါ်ခင်မူမူနှင့် ဒေါ်ခင်မိုးမိုးတို့ကို ရရှိကြောင်း အငြင်းမပွားပေ။

အယူခံတရားလိုတို့က အဘိုး အဘွားများကျန်ရစ်သောအမွေကို အမွေမမှီမြေးများအဖြစ် တောင်းဆိုခြင်းဖြစ်ကြောင်း ၎င်းတို့၏အဆိုလွှာအရထင်ရှားသည်။

ကွယ်လွန်သူ အမွေရှင် ဒီအာရ်လူးဝစ်(စ်)နှင့် မစ္စစ်အင်မာဖလောရင်းလူးဝစ်(စ်)တို့သည် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြကြောင်း အငြင်းမပွားပေ။ ကွယ်လွန်သူကျန်ရစ်သော အမွေကိုဆက်ခံသူမှာ ကွယ်လွန်သူ၏

မိသားစုဥပဒေနှင့်သက်ဆိုင်သည်ဟု **ကိုအေး နှင့် ရာဇူဘီဘီအမှု**[၂] တွင်
ညွှန်ပြသည်။ သို့ဖြစ်ရာ ကွယ်လွန်သူ၏ အမွေကိုဆက်ခံသည့်ကိစ္စမှာ ကွယ်လွန်သူ၏ မိသားစုဥပဒေနှင့် သက်ဆိုင်မည်ဖြစ်သည်။

ဤအမှုတွင် အယူခံတရားလိုတို့၏ဖခင် ပီအာရ်လူးဝစ်(စ်)သည် ခရစ်ယာန်ဘာသာဝင်ဖြစ်သည်။ မိခင် ဒေါ်ခင်လှသည် မြန်မာဗုဒ္ဓဘာသာဝင်ဖြစ်သည်။ သို့ဖြစ်၍ ၎င်းတို့မှမွေးဖွားသော အယူခံတရားလိုတို့သည် ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေနှင့်သက်ဆိုင်ကြောင်း နှစ်ဖက်ရှေ့နေများက တင်ပြခြင်းဖြစ်သည်။

ယင်းဥပဒေပုဒ်မ ၂၄ နှင့် ၂၆ တို့တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

> ၂၄ (၁)။ ဤအက်ဥပဒေအရ ထိမ်းမြားသူတို့၏ သို့တည်းမဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခံရသူတို့၏ ပစ္စည်းပိုင်ခွင့်နှင့်စပ်လျဉ်းသောကိစ္စအားလုံးကို ထိုသူတို့နှင့် ထိုသူတို့၏ မိသားစုအားလုံးသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့ ဗုဒ္ဓဘာသာဓမ္မသတ်အတိုင်း ဆုံးဖြတ်ရမည်။
>
> ၂၄ (၂)။ ဤပုဒ်မနှင့် ပုဒ်မ ၂၆ ပါကိစ္စများအလို့ငှာ မိသားစုဆိုသူတို့စကားရပ်တွင် တရားဝင်လင်၊ တရားဝင်မယား၊ သို့တည်းမဟုတ် မယားများနှင့် တရားဝင်သားသမီးများ ပါဝင်သည်။
>
> ၂၆။ ဤအက်ဥပဒေအရ ထိမ်းမြားကြသူတို့၏ သို့တည်းမဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့၏ အမွေဆက်ခံမှုနှင့်စပ်လျဉ်းသည့်ကိစ္စအားလုံးကို ထိုသူတို့နှင့် ထိုသူတို့၏မိသားစုအားလုံးသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့ ဗုဒ္ဓဘာသာဓမ္မသတ်အတိုင်း ဆုံးဖြတ်ရမည်။

ယင်းပြဋ္ဌာန်းချက်အရ အယူခံတရားလိုတို့၏ဖခင် ပီအာရ်လူးဝစ်(စ်)နှင့် မိခင်ဒေါ်ခင်လှတို့ တရားဝင်လင်မယားဟုတ် မဟုတ်ပြဿနာ

(၂) ၁၉၅၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၂၈၈ (လွှတ်တော်)

၂၀၀၂ ဒေါ်ခင်မူမူပါ ၂ နှင့် ဒေါက်တာဂျီအာ လူးဝစ်(စ်) (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခင်တီ)ပါ ၃

နှင့် အယူခံတရားလိုတို့သည် တရားဝင်သားသမီးဟုတ် မဟုတ် ပြဿနာ ပေါ်ပေါက်လျှင် ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေအရ အဆုံးအဖြတ်ပြုရမည်မှာ အငြင်းပွားရန်မရှိပေ။ ထို့ပြင် ဖခင်ပီအာရ်လူးဝစ်(စ်)၏ အမွေကို အယူခံတရားလိုတို့က အမွေဆက်ခံခွင့်ရှိ မရှိ ပြဿနာပေါ်ပေါက်လျှင်လည်း ယင်းဥပဒေအရပင် ဆုံးဖြတ်ရမည်ဖြစ်ပေသည်။

ယခုအမှုတွင် အဓိကပေါ်ပေါက်သည့်ပြဿနာမှာ ခရစ်ယာန်ဘာသာဝင် အဘိုး အဘွား၏အမွေကို အမွေမမှီမြေးများက ရခွင့်ရှိ မရှိဖြစ်သည်။ ယင်းအချက်ကို မူလတိုင်းတရားရုံးက ငြင်းချက်အမှတ် (၂) အဖြစ်ထုတ်ထားသော်လည်း ဖြေကြားခဲ့ခြင်းမရှိပေ။

ကွယ်လွန်သူ ကျန်ရစ်သောအမွေကိုဆက်ခံမှုမှာ ထိုသူကွယ်လွန်စဉ် ကနဦးပေါ်ပေါက်သောအခွင့်အရေးကို တရားစွဲဆိုတောင်းခံမှုဖြစ်၍ ကွယ်လွန်သူနှင့်သက်ဆိုင်သည့် မိသားစုဥပဒေအရ ဆုံးဖြတ်ရမည်ဖြစ်သည်။ တောင်းခံသူအမှုသည်နှင့်သက်ဆိုင်သည့် မိသားစုဥပဒေအရ အဆုံးအဖြတ်ပေးရန် မဟုတ်ပေ။

မြန်မာနိုင်ငံတရားရုံးများတွင် ထိမ်းမြားလက်ထပ်ရေး၊ အမွေဆက်ခံရေး၊ အမွေခွဲဝေရေးကိစ္စများနှင့် သက်ဆိုင်သော မည်သည့်ပြဿနာကို မဆို အဆုံးအဖြတ်ပေးရန်ရှိလျှင် သက်ဆိုင်ရာအမှုသည်များသည် ဗုဒ္ဓဘာသာဝင်ဖြစ်ပါက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၊ မဟာမေဒင်ဖြစ်လျှင် မဟာမေဒင်ဥပဒေ၊ ဟိန္ဒူဖြစ်လျှင် ဟိန္ဒူတရားဥပဒေအရ အဆုံးအဖြတ်ပေးရမည်ဖြစ်သည်ဟု မြန်မာနိုင်ငံတရားဥပဒေများဆိုင်ရာ ဥပဒေပုဒ်မ ၁၃ (၁) တွင်ပြဋ္ဌာန်းထားသည်။ ခရစ်ယာန်ဘာသာဝင်ဖြစ်ပါက ယင်းဥပဒေပုဒ်မ ၁၃ (၁) အရ တည်ဆဲဥပဒေနှင့် သက်ဆိုင်မည်ဖြစ်ရာ Succession Act နှင့်အကျုံးဝင်မည်ဖြစ်သည်။ ခရစ်ယာန်ဘာသာဝင်များ အမွေဆက်ခံသည့်ကိစ္စ၊ လင်ခန်းမယားခန်းကိစ္စ၊ ပစ္စည်းခန်းကိစ္စများသည် Succession Act နှင့်သက်ဆိုင်သည်။

ခရစ်ယာန်ဘာသာဝင်များအနေဖြင့် အမွေဆက်ခံရေးအက်ဥပဒေ Succession Act ပုဒ်မ ၅၉ အရ Will ခေါ် သေတမ်းစာဖြင့် မိမိပစ္စည်းကို စီမံခန့်ခွဲခွင့်ရှိပေသည်။ ပစ္စည်းရှင်သည်မိမိသေဆုံးသောအခါ၎င်း၏ပစ္စည်းများကို မည်သို့မည်ပုံစီမံခန့်ခွဲလိုကြောင်း ၎င်း၏ရည်ရွယ်ချက်ကို ဖော်ထုတ်သည့်တရားဝင်ကြေညာချက်စာတမ်းသည်သေတမ်းစာဖြစ်သည်။

ယခုအမှု၌ ကွယ်လွန်သူအမွေရှင် ဒီအာရ်လူးဝစ်(စ်)နှင့် ဇနီး မစ္စစ်အင်မာဖလောရင်းလူးဝစ်(စ်)တို့သည် သေတမ်းစာရေးသားခဲ့ကြောင်း၊ မပေါ်ပေါက်ပေ။ ထို့ကြောင့် ၎င်းတို့၏အမွေကို အမွေဆက်ခံရေးအက်ဥပဒေအရသာလျှင် စီမံခန့်ခွဲရမည်ဖြစ်သည်။

ခရစ်ယာန်ဘာသာဝင်များ၏အမွေကို မြန်မာဗုဒ္ဓဘာသာဝင်များ အမွေဆက်ခွင့်ရှိ မရှိနှင့်ပတ်သက်၍ **ဦးအရောင် နှင့် မကာကြူမွေးအမှု**[၃] တွင် ဗုဒ္ဓဘာသာကိုးကွယ်သည့် သားသမီးတို့သည် ခရစ်ယာန်ဘာသာကိုးကွယ်သည့်မိဘအမွေကို ဆက်ခံခွင့်ရှိကြောင်း အောက်ပါအတိုင်းတွေ့ရသည်-

> " Even if the plair tiff had renounced the Christian faith and become a BuJdhist, there is no law to prevent a Buddhist Lady from succeeding to the estate of a Christian mother. "

ထိုအတူ ဗုဒ္ဓဘာသာဝင်မြေးများသည်လည်း ခရစ်ယာန်ဘာသာဝင် အဘိုး အဘွား၏အမွေကို ဆက်ခံခွင့်မရှိကြောင်း တားမြစ်ထားခြင်း မရှိသဖြင့် ၎င်းတို့သည် အမွေဆက်ခံရေးအက်ဥပဒေနှင့်အညီ အမွေရရှိကြမည်သာဖြစ်သည်။

အမှုတွင်ပေါ်ပေါက်သောပြဿနာသည် ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေတွင် အကျုံးဝင်သောပြဿနာမဟုတ်ကြောင်း ပေါ်ပြပြီးဖြစ်သည်။ သို့ဖြစ်ရာ ယင်းဥပဒေပုဒ်မ ၂၄ (၂) တွင် မိသားစုဆိုသူတို့စကားရပ်တွင် တရားဝင်လင်၊ တရားဝင်မယား သို့တည်းမဟုတ် မယားများနှင့် တရားဝင်သားသမီးများသာ ပါဝင်သောကြောင့် အမွေမမှီမြေးများသည် အဘိုး အဘွား၏အမွေကို ဆက်ခံခွင့်မရှိကြောင်း၊ အယူခံတရားပြိုင်ဘက်မှ တင်ပြချက်ကို လက်ခံစဉ်းစားရန် အကြောင်းမရှိပေ။

အယူခံတရားလိုတို့၏အဆိုလွှာတွင် ကွယ်လွန်သူ အဘိုး အဘွား၏အမွေကို ဆက်ခံခွင့်ရှိသူများမှာ အမွေရှင်၏သား အမှတ် (၁) အယူခံတရားပြိုင် ဒေါက်တာဂျီအာရ်လူးဝစ်(စ်) (သား)၊ မာဗစ်အော့လူးဝစ်(စ်) (သမီး)နှင့်အမွေမမှီမြေးများဖြစ်ကြသော အယူခံတရားလိုတို့ဖြစ်ကြောင်း အဆိုပြု၍ အမွေပုံပစ္စည်း၏ သုံးပုံတစ်ပုံရထိုက်ခွင့်ရှိကြောင်း

---

(၃) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၁၁၄

တောင်းဆိုထားသည်။

အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၄၁ အရ သေတမ်းစာမရေးဘဲ ကွယ်လွန်သူတွင် သားသမီးများနှင့် အမွေမပိုင်မြေးများကျန်ရစ်လျှင် အမွေမပိုင်မြေးများသည် မိမိတို့မိဘသက်ထင်ရှားရှိခဲ့လျှင်ရမည့် ဝေစုအတိုင်းရ၍ အချင်းချင်းညီတူအမျှ ခွဲဝေယူရမည်ဟုဖော်ပြထားသည်။ ၎င်းသို့ဖြစ်ရာ အယူခံတရားလိုတို့သည် ၎င်းတို့စွဲဆိုသည့်အတိုင်း ကွယ်လွန်သူအဘိုး အဘွားကျန်ရစ်သော အမွေတွင် ၃ ပုံ ၁ ပုံရရှိမည်ဖြစ်သည်။

အချင်းဖြစ်ပစ္စည်းမှာ အမွေဆိုင်မဟုတ်သူ အယူခံတရားပြိုင်အမှတ် (၃) လက်ဝယ်တွင်ရောက်ရှိနေသဖြင့် အယူခံတရားလိုတို့က ၎င်းအား အမှုသည်အဖြစ် ထည့်သွင်းစွဲဆိုခဲ့ပါသည်။ အဆိုလွှာအပိုဒ် (၁၁) တွင် အမွေဆိုင်မြေကွက်အား ဒေါက်တာဂျီအာရ်လူးဝစ်(စ်)မှ ဦးကြည်ဝင်းသို့ မြေအပြီးအပိုင် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်စာချုပ်အမှတ် ၁၅၆၃/၉၅ အရ ရောင်းချခဲ့ပါသည်ဟု ဖော်ပြထားသည်။ သို့ရာတွင် ယင်းစာချုပ်အားဖျက်သိမ်းရန် စွဲဆိုထားခြင်းမရှိချေ။ အယူခံတရားပြိုင်၏ ချေလွှာတွင် ဒေါက်တာဂျီအာရ်လူးဝစ်(စ်)မှ ဦးကြည်ဝင်းသို့ အချင်းဖြစ်မြေကိုရောင်းချသည့် မှတ်ပုံတင်စာချုပ်အမှတ် ၁၅၆၃/၉၅ ကိုပယ်ဖျက်ခြင်းမပြုဘဲ ယခုအမှုကိုစွဲဆိုခွင့်မရှိကြောင်း ချေပထားသည်။

ဒေါ်လွန်းပါ ၅ နှင့် ဒေါ်သိန်းရင်အမှု(၄) တွင် အချင်းဖြစ်ပစ္စည်းများသည် အမွေပစ္စည်းဟုတ် မဟုတ်ဆုံးဖြတ်ရသည်ဖြစ်ရာ ပစ္စည်းတစ်ရပ်ကို အမွေရှင်က အခြားသူတစ်ဦးအား လွှဲပြောင်းပေးခြင်းသည် ဥပဒေနှင့်ညီညွတ်မှုရှိ မရှိပြဿနာကို အမွေမှုတွင် အဆုံးအဖြတ်ပေးပါက အမှန်ဆုံးဖြတ်ပေးလိမ့်မည်။ ထို့ပြင်အမှုပွားများခြင်းကိုလည်း တစ်နည်းအားဖြင့် ပိတ်ပင်ရာရောက်ပေလိမ့်မည်။ ကျွန်ုပ်တို့သည် ၁၉၇၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၁၅ နှင့် ၁၉၈၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၈၇ အမှုများတွင် ထုံးဖွဲ့မှုများကို သဘောတူလက်ခံသည်။ သို့ဖြစ်၍အမွေမှုတွင် အမွေရှင်ဒေါ်မက အချင်းဖြစ်မြေကို ဒေါ်သိန်းရင်အားပေးကမ်းခြင်းသည် ပျက်ပြယ်အတည်ဖြစ် မဖြစ်ပြဿနာကိုဖော်ထုတ် ဆုံးဖြတ်နိုင်သည်ဟု ကောက်ယူဆုံးဖြတ်သည်။

ပစ္စည်းလွှဲပြောင်းခြင်းဥပဒေအရ ရောင်းချခြင်း၊ ပေါင်နှံခြင်းနှင့် ပေးကမ်းခြင်းတို့မှာ ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းပေးခြင်းဖြစ်သည်။ ရောင်းချ

---

(၄) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၁၄၉

ခြင်းမှာ အဘိုးစားနားဖြင့် လွှဲပြောင်းပေးခြင်းဖြစ်၍ ပေးကမ်းခြင်းမှာ အဘိုးစားနားမရှိဘဲ လွှဲပြောင်းပေးခြင်းဖြစ်သည်။

**အင်အေဗွီအာချစ်တီးကုန်တိုက် နှင့် မောင်သံဒိုင်အမှု**[၅] တွင် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းဟူ၍ ခွဲခြားဖော်ပြခြင်းမပြုဘဲ လင်မယားနှစ်ဦးပိုင်ပစ္စည်းမှ ၄င်း၏အကျိုးခံစားခွင့်ကို လွှဲပြောင်းနိုင်ကြောင်း သို့မဟုတ် အခြားနည်းစီမံခန့်ခွဲခြင်း ပြုလုပ်နိုင်ကြောင်း၊ သို့ရာတွင် မည်သူမျှ ခင်ပွန်းသည်၏ အတိအလင်း သို့မဟုတ် သဘောသက်ရောက်သည့် သဘောတူညီချက်မရရှိဘဲ ထိုသူ၏အကျိုးခံစားခွင့်ကို လွှဲပြောင်းခြင်း မပြုလုပ်နိုင်ကြောင်း ထုံးဖွဲ့ထားသည်။

**ဦးသန်းနိုင် (ခ) ဦး ဂိုနီ နှင့် ဒေါ်အေးအေးအမှု**[၆] တွင်လင်မယားနှစ်ဦး၏မခွဲရသေးသော နှစ်ဦးပိုင်လက်ထက်ပွားပစ္စည်းကို တစ်ဦးဦးက ကျန်တစ်ဦးဦး၏ သဘောတူညီချက်အရမဟုတ်ဘဲ ပစ္စည်းတစ်ရပ်လုံးကို ရောင်းချခွင့်မရှိချေ။ ရောင်းချလျှင်လည်း ၄င်းပိုင်ဆိုင်ခွင့်ရရှိသည့် အချိုးအစုအတွက်သာ အတည်ဖြစ်နိုင်သည်ဟု ထုံးဖွဲ့ထားသည်။

ဤအမှုတွင် မူလရုံးအမှတ် (၁) တရားပြိုင် ဒေါက်တာဂျီအာရ်လူးဝစ်(စ်)သည် ကွယ်လွန်သူမိဘများတွင် ၄င်းတစ်ဦးတည်းသာ အမွေဆက်ခံသူဖြစ်ကြောင်း လိမ်လည်ဖော်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ်အမှတ် ၁၅၃၅/၉၁ ကို ပြုလုပ်ခဲ့ကြောင်း၊ ထို့နောက် ဒေါက်တာဂျီအာရ်လူးဝစ်(စ်)သည် မူလရုံးအမှတ် (၃) တရားပြိုင် ဦးကြည်ဝင်းအား မှတ်ပုံတင်စာချုပ်အမှတ် ၁၅၆၃/၉၅ ဖြင့်အချင်းဖြစ်မြေကို ရောင်းချခဲ့ကြောင်း ပေါ်ပေါက်သည်။

ဒေါက်တာဂျီအာရ်လူးဝစ်(စ်)သည် အမွေဆိုင်ပစ္စည်းကို ကျန်အမွေဆိုင်များသဘောမတူဘဲ ဦးကြည်ဝင်းသို့ ရောင်းချခဲ့ရာတွင် ကျန်အမွေဆိုင်များ၏ သဘောတူညီချက်မရှိသောကြောင့် ၄င်းပိုင်ဆိုင်ခွင့်ရှိသည့် ဝေစုအတွက်သာ အတည်ဖြစ်မည်ဖြစ်သည်။ အယူခံတရားလိုတို့၏ ဝေစုနှင့်စပ်လျဉ်း၍ အတည်မဖြစ်နိုင်ချေ။

အယူခံတရားလိုတို့၏ဝေစုနှင့်စပ်လျဉ်း၍ အတည်မဖြစ်သော်လည်း ဒေါက်တာဂျီအာရ်လူးဝစ်(စ်)၏ ဝေစုနှင့်စပ်လျဉ်း၍ အတည်ဖြစ်သောကြောင့် ဝယ်သူဦးကြည်ဝင်းအနေဖြင့် အချင်းဖြစ်ပစ္စည်း၏ တစ်စိတ်

(၅) ၉ ရန်ကုန် ၊ စာ-၅၂၄

(၆) ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ တရားရုံးချုပ် စာ-၁၅၉(၁)

ဒေါ်ခင်မူမူပါ ၂ နှင့် ဒေါက်တာဂျီအာလူးဝစ်(စ်) (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခင်တီ)ပါ ၃

တစ်ဒေသကို ပစ္စည်းတစ်ရပ်လုံးအတွက် သဘောတူထားသောဈေးဖြင့် သက်သာခွင့်ရနိုင်သည်။ ဤမူသဘောကို ဦးကျော်မြင့်ပါ ၂ / ကိုမောင်မြင့်ပါ၂ နှင့် ဒေါ်ခင်မာမာပါ ၄ / ဒေါ်ခင်မာမာပါ ၄ **အမှု**(၇) တွင်တွေ့မြင်နိုင်သည်။

အကြောင်းကြောင်းကြောင့် သီးခြားဆောင်ရွက်မပေးနိုင်လျှင် တရားရုံးက လျော်ကြေးလည်း သတ်မှတ်ပေးနိုင်သည်။ **ဒေါ်စောရွှေ နှင့် ဒေါ်မှန်အမှု**(၈) တွင်ကြည့်ပါ။ ပဏာမဒီကရီအဆင့်တွင် ယင်းသို့သတ်မှတ်ပေးရန်မလိုသောကြောင့် ယင်းအချက်ကို ထည့်သွင်းစဉ်းစားရန် မလိုသေးပေ။

အထက်ပါအကြောင်းများကြောင့် အယူခံကိုခွင့်ပြု၍ မူလတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ပြီး အယူခံတရားလို (မူလရုံးတရားလို)တို့သည် အမွေပုံပစ္စည်း၏ ၃ ပုံ ၁ ပုံရထိုက်ကြောင်း ပဏာမဒီကရီချမှတ်ပေးလိုက်သည်။

တရားစရိတ်ကို အမွေပုံမှကျခံစေ။

---

(၇) ၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၉ (၃၀) (၃၁) (၃၂)
(၈) ၁၉၇၁ ခုနှစ်။ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၆၂